ASEAN-Australia-New Zealand Free Trade Area (AANZFTA)
Economic Cooperation Support Program (AECSP)

# အာဆီယံတရားသူကြီးများအတွက်ယှဉ်ပြိုင်မှုဆိုင်ရာအခြေခံ အကြောင်းအရာများ

AANZFTAယှဉ်ပြိုင်မှုဥပဒေအကောင်အထည်ဖော်ဆောင်ရေးအစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ်ပြုစုထားသည်။

## *ယှဉ်ပြိုင်မှုဥပဒေပြဌာန်းချက်အတွင်းမှယုံမှတ်နိုင်လောက်သောသက်သေခံချက်*

## ၁။ နိဒါန်း

၁.၁ ဤလက်စွဲစာစောင်သည် -

က။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီရှိ တရားစီရင်ရေးအဖွဲ့ဝင်များ အသုံးပြုရန်အတွက် အခြေခံစည်းမျဉ်းများကိုအခြေခံထားသော စာအုပ်တစ်အုပ်ဖြစ်လာစေရန်၊

ခ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ယှဉ်ပြိုင်မှုဥပဒေများအရ စီရင်ချက်များချမှတ်ခြင်းနှင့် ပြန်လည်သုံးသပ်မှုဖြစ်စဉ်အတွင်း ရှုပ်ထွေးသော ကျွမ်းကျင်သူသက်သေခံချက်များကိုစိစစ်ရာ၌ ကြုံတွေ့ရသောအခက်အခဲများနှင့်ကိစ္စရပ်များနှင့်ပတ်သက်၍ တရားသူကြီးများအတွက် လက်တွေ့အသုံးဝင်ကာ အချက်အလက်စုံလင်သော လမ်းညွှန်ချက်တစ်ခုဖြစ်စေရန်နှင့်

ဂ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ဥပဒေပိုမိုတိကျမှုရှိလာစေသည့်၊ ပိုမို၍လျင်မြန်သွက်လက်ထိရောက်မှုရှိလာစေပြီး ဆီလျော်ကိုက်ညီမှုနှင့်ကြိုတင်မှန်းဆနိုင်မှုတို့ကိုအားပေးမြှင့်တင်ပေးသည့် ယှဉ်ပြိုင်မှုဥပဒေထုံးတမ်းအားရေးဆွဲရာ၌အကူအညီပေးနိုင်စေရန်အပြင် အခြေခံအားဖြင့် ခိုင်မာသောယှဉ်ပြိုင်မှုမူဝါဒအား ပုံဖော်ရာ၌အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

၁.၂ ဤစာအုပ်ကို အာဆီယံအဖွဲ့ ဝင်နိုင်ငံများရှိ ယှဉ်ပြိုင်မှုဥပဒေများအကြား ကွဲလွဲမှုများနှင့် ယှဉ်ပြိုင်မှုဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မတူညီသည့်အဆင့်များရှိနေသော နောက်ခံအခြေအနေအပေါ် ပြုစုထားခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံချင်းစီနှင့်သက်ဆိုင်သော အချက်အလက်များ ပေးအပ်ရန် မရည်ရွယ်ထားပါ။

၁.၃ ဤစာအုပ်အား ဩစတြေးလျဖက်ဒရယ်တရားရုံးချုပ်မှ တရားသူကြီးများက OECD အဖွဲ့နှင့် ပူးပေါင်းကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တရားသူကြီးများအတွက် ရေးသားပြုစုထားခြင်းဖြစ်သည်။ ယှဉ်ပြိုင်မှု

ဥပဒေအကောင်အထည်ဖော်ဆောင်ရေးအစီအစဉ် (CLIP) တစ်စိတ်တစ်ပိုင်းအဖြစ် အာဆီယံ -ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ယှဉ်ပြိုင်မှုကော်မတီ၏ ပဏာမကြိုးပမ်း အားထုတ်မှုဖြင့်ပြုစုထုတ်ဝေထားသော ယှဉ်ပြိုင် မှုဥပဒေဆိုင်ရာလက်စွဲစာစောင်များအနက်မှ တစ်ခုလည်းဖြစ်သည်။

## ၂။ ယုံမှတ်နိုင်လောက်သောသက်သေခံချက်ဆိုသည်မှာအဘယ်နည်း

၂.၁ သက်ဆိုင်သူတစ်ဦးသည် တရားစွဲဆိုမှုတစ်ရပ်အတွင်းကောက်ချက်တစ်ခုဖြင့် အချက်တစ်ချက်ကို သက်သေပြနိုင်ပါသည်။

က။ တိုက်ရိုက်သက်သေခံချက်ဖြင့်၊ အဆိုပါအချက်၏သက်သေအားဦးဆောင်ခြင်းဖြင့် သို့မဟုတ်

ခ။ ယုံမှတ်နိုင်လောက်သောသက်သေခံချက်ဖြင့် ၊ ကောက်ချက်ဖြင့် အချက်တစ်ချက်အား ကောက်ချက်ချရန် တရားရုံးတော်တစ်ခုကဆင့်ခေါ်နိုင်သည့် တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသောအချက်များအားဦးဆောင်ခြင်းဖြင့်

၂.၂ တိုက်ရိုက်သက်သေခံချက်နှင့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အကြားခြားနားမှုမှာ တိုက်ရိုက်သက်သေခံချက်အနေဖြင့် အကြောင်းပြချက်ကောက်ချက်ချသည့်လုပ်ငန်းစဉ်မလိုအပ်ပါ။ တရားမျှတမှုမရှိသော ပူးပေါင်းညှိနှိုင်းခြင်း( Cartel) နှင့် ဆိုင်သောဖြစ်ရပ်တစ်ခုတွင်တိုက်ရိုက် သက်သေခံချက်သည် လူပုဂ္ဂိုလ်အကြောင်း ကိစ္စများအကြားတွေ့ဆုံမှု သို့မဟုတ် ဆက်သွယ်မှုတို့အား ဖော်ထုတ်သတ်မှတ်မည်ဖြစ်ပြီး ၎င်းတို့၏ သဘောတူညီချက်အနှစ်သာရအားဖော်ပြလိမ့်မည်ဖြစ်သည်။ ယုံမှတ်နိုင်လောက်သော သက်သေခံချက်သည် အဆိုပါအရာများအားတိတိကျကျ ဖော်ထုတ်သတ်မှတ်မည်မဟုတ်သော်လည်း ရရှိခဲ့သည့်သဘောတူညီချက် ၊ ယင်းနှင့်သက်ဆိုင်သူ ယင်း၌ပါရှိသောအကြောင်းအရာတို့ကို ကောက်ချက်ချရန်တရားရုံးအားခွင့်ပြုမည်ဖြစ်သည်။ဥပမာအားဖြင့် စားပွဲထိုးအမျိုးသမီးတစ်ဦးသည် စီးပွားရေးပြိုင်ဘက်သုံးဦးအကြားနေ့လယ်စာ စားသောက်တွေ့ဆုံပွဲတစ်ခု၌ ၎င်းတို့အနက်မှနှစ်ဦး ညှိနှိုင်းသဘောတူညီချက်ရရှိသွားသည်ကို သူ့အနေဖြင့်ကြားသိရကြောင်း၊ တွေ့ဆုံပွဲအပြီး၌ လူသုံးဦးတို့သည် တစ်ဦးကိုတစ်ဦးကျောပုတ်လျက်ရှိသည်ကို မြင်တွေ့ခဲ့ရကြောင်း သက်သေခံ ထွက်ဆိုနိုင်ပါသည်။ ဤအခြေအနေသည် ယှဉ်ပြိုင်သူနှစ်ဦးအကြား သဘောတူညီချက်တစ်ရပ်၏ တိုက်ရိုက်သက်သေခံချက်ကိုသာ ပေးအပ်သော်ငြားလည်း တရားသူကြီးတစ်ဦးအနေဖြင့် အခြေအနေများမှ သုံးဦးသုံးဖလှယ်ပါဝင်သော တရားမျှတမှုမရှိသော ညှိနှိုင်းသဘောတူညီချက်တစ်ခုကို ကောက်ချက်ချနိုင်ပါသည်။

## ၃။ ယှဉ်ပြိုင်မှုဥပဒေအမှုအခင်းများ၌ယုံမှတ်နိုင်လောက်သောသက်သေခံချက်၏အခန်းကဏ္ဍ

၃.၁ ယှဉ်ပြိုင်မှုဥပဒေအမှုအခင်းများအနေဖြင့် တိုက်ရိုက်သက်သေခံချက်အပေါ်တွင် သီးသီးသန့်သန့် အခြေခံထားခြင်းမျိုးအလွန်ရှားပါသည်။ ထိုသို့အစားယှဉ်ပြိုင်မှုဥပဒေအမှုအခင်းများသည် အများအားဖြင့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်နှင့် တိုက်ရိုက်သက်သေခံချက်နှစ်ခုစလုံး၏ အတွဲအဖက်အပေါ်တွင် သို့မဟုတ် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အပေါ်တွင်သာ လုံးလုံးလျားလျား အခြေခံထားကြပါသည်။ တိုက်ရိုက်သက်သေခံချက်ရရှိနိုင်သောနေရာတွင် အဆိုပါသက်သေ၏ယုံကြည်စိတ်ချနိုင်မှုအားအကဲဖြတ်ရာ၌ ယုံမှတ်နိုင်လောက်သော သက်သေခံချက်သည် တရားသူကြီးအားအကူအညီပေးနိုင်သည်။ ဥပမာ - စီးပွားရေးပြိုင်ဘက်များအကြား တွေ့ဆုံမှုတစ်ခုနှင့်ပတ်သက်၍ တိုက်ရိုက်သက်သေခံချက်ကို အတည်ပြုပေးနိုင်သည် သို့မဟုတ် ခရီးသွားလာမှုမှတ်တမ်းများကဲ့သို့ ယုံမှတ်နိုင်လောက်သောသက်သေခံချက်ဖြင့် ကွဲလွဲဆန့်ကျင်နေနိုင်ပါသည်။

၃.၂ OECD နိုင်ငံများအားလုံးနှင့် တရားစီရင်ပိုင်ခွင့်ရအခြားနေရာများစွာတွင် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အပေါ် လက်ခံကြပါသည်။ ယင်းအချက်က ယှဉ်ပြိုင်မှုဥပဒေအားအောင်မြင်စွာအသက်ဝင်စိုးမိုးစေနိုင်ခြင်းအတွက် ယင်းသက်သေခံချက်အမျိုးအစား၏အရေးပါမှုအား ထင်ဟပ်နေလေသည်။

၃.၃ ကာတယ်ဖွဲ့လုပ်ဆောင်သည့်အမှုတွင် အတွေ့အကြုံရင့်ကျက်သောပူးပေါင်းစီမံလည်ပတ်သူများသည် ၎င်းတို့၏လုပ်ဆောင်ချက်မှာဥပဒေနှင့်ဆန့်ကျင်ကြောင်း၊ အကယ်၍ ယင်းနှင့်ပတ်သက်၍ ၎င်းတို့၏ဖောက်သည်များသာသိရှိသွားခဲ့လျှင် ဖောက်သည်များအနေဖြင့် လုပ်ဆောင်ချက်အပေါ် ကန့်ကွက်ကြမည်ဖြစ်ကြောင်းသဘောပေါက်ကြသည်။ ကာတယ်အဖွဲ့များအနေဖြင့် ၎င်းတို့၏ လုပ်ဆောင်ချက်အားဖုံးကွယ်ရန်နှင့် တရားဝင်ဖြစ်သော၊ မှတ်တမ်းတင်ထားသေစီစဉ်ဆောင်ရွက်မှုများအတွင်း ပါဝင်ခြင်းမှရှောင်ရှားရန် စီမံမှုများပြုလုပ်နိုင်ကြသည်။ အမှန်တကယ်တမ်းတွင် များသောအားဖြင့် တရားစီရင်ပိုင်ခွင့်အသီးသီးရှိကာတယ်အဖွဲ့များ၌ တရားဝင်မဟုတ်သော သဘောတူညီချက်များ၊ အသိအမှတ်ပြုမှုများ၊ "တစ်စုံတစ်ရာအပေါ်အမြင်တူညီမှုများ" ၊ သို့မဟုတ် "ဘုံသဘောတူညီသည့် အစီအစဉ်တစ်ခုအတွက် သတိရှိရှိတာဝန်ယူကတိခံမှု" တို့ရှိကြသည်။ ဤသို့ဖုံးကွယ်ရန်ကြိုးပမ်းမှုက တရားဝင်ကာတယ်သဘောတူညီချက်တစ်စောင်၏တိုက်ရိုက်သက်သေကို မရရှိနိုင်ဟုဆိုလိုလျက်ရှိသည်။ ထိုသို့ဖြစ်ရပ်များတွင် ယှဉ်ပြိုင်သူများအကြားရှိသဘောတူညီချက်အတွက် ရရှိနိုင်သောအကောင်းဆုံးသက်သေမှာ ၎င်းတို့အကြားမှအပြန်အလှန်ဆက်သွယ်မှုဆိုင်ရာ ယုံမှတ်နိုင်လောက်သောသက်သေခံချက်ပင်ဖြစ်သည်။

၃.၄ အသက်ဝင်စိုးမိုးရေးစနစ်သစ်တစ်ခုရှိနေသော သို့မဟုတ် အားကောင်းသည့်ယှဉ်ပြိုင်မှုအလေ့အထကင်းမဲ့နေသောနိုင်ငံတစ်နိုင်ငံသည် သက်သေခံချက်ရယူရာ၌ အထူးသဖြင့် ယှဉ်ပြိုင်မှုဆန့်ကျင်သည့်

လုပ်ဆောင်ချက်အတွက် တိုက်ရိုက်သက်သေခံချက်ရယူရာ၌ အချို့သောအတားအဆီးများကို ရင်ဆိုင်ရနိုင်ခြေရှိသည်။ ယင်းသို့သောနိုင်ငံ၌ ထိရောက်သည့်သက်ညာမှုအစီအစဉ် (တိုက်ရိုက် သက်သေခံချက်၏မူလရင်းမြစ်တစ်ခု)တစ်ရပ်မရှိနိုင်ရုံသာမက သက်သေခံချက်စုဆောင်းမှုအတွက် ကူညီပေးနိုင်သည့် စီးပွားရေးလုပ်ဆောင်ချက်တစ်ခုတွင်ပါဝင်နေသော လူပုဂ္ဂိုလ်များသို့မဟုတ် စီးပွားရေးလုပ်ငန်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကိုလည်း ဖော်ဆောင်နိုင်လိမ့်မည်မဟုတ်ပေ။ ထို့ပြင် ကာတယ်သဘောတူညီချက်တစ်ခု၏ တိုက်ရိုက်သက်သေခံချက်ကိုရယူရာ၌ အထူးစုံစမ်းစစ်ဆေးခွင့်များ၊ ပစ္စည်းကိရိယာများနှင့် နည်းစနစ်များလိုအပ်နိုင်ပြီး ယင်းတို့မှာ အတွေ့အကြုံနည်းပါးသော သို့မဟုတ် အာဏာပိုင်အသစ်များအဖို့ သဘောရှိသလောက်အသုံးပြုနိုင်မည်မဟုတ်ပေ။ အဆိုပါ အချက်က ထိုသို့သော တရားစီရင်ပိုင်ခွင့်များရှိ ယှဉ်ပြိုင်မှုဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ကာတယ်နှင့် သက်ဆိုင်သော အမှုအခင်းများ၌ တိုက်ရိုက်သက်သေခံချက်များထွက်ရှိလာစေရေးတွင် ကြီးမားသည့် အခက်အခဲရှိလာမည်ဖြစ်ကြောင်းနှင့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အပေါ် ပိုမို အဓိကထား အားပြုသွားရမည်ဖြစ်ကြောင်း ဆိုလိုနေပါသည်။

၃.၅ အဖြစ်များသည့်နားလည်မှုလွဲမှားခြင်းတစ်ခုမှာ တိုက်ရိုက်သက်သေခံချက်အပေါ်အခြေခံသော အမှုကိစ္စတစ်ခုသည် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အပေါ် အခြေခံသောအမှုကိစ္စထက် သေချာပေါက် ပိုမို၍ခိုင်မာနေမည်ဟူသောအချက်ဖြစ်သည်။ ယင်းအချက်မှာအမြဲမမှန်ကန်နိုင်ပါ။ တစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသောမျက်မြင်သက်သေရှိသည့် တိုက်ရိုက်သက်သေခံချက်အပေါ်သာ လုံးလုံးလျားလျားအခြေခံထားသောအမှုကိစ္စတစ်ခုသည် အကယ်၍ ၎င်းတို့၏သက်သေခံချက်မှာ ယုံကြည်နိုင်လောက်ဖွယ်မရှိဟု တရားရုံးကဆုံးဖြတ်လိုက်ပါက ပြိုလဲသွားမည်ဖြစ်သည်။ ယင်းအချိန်အတောအတွင်း ယုံမှတ်နိုင်လောက်သောသက်သေခံချက်ကမူ ကြောင်းကျိုးဆီလျော်သည့် အခြားမည်သည့်ကောက်ယူချက်ကိုမျှ ဖွင့်ဟထားခြင်းမရှိဟူသော ဥပဒေဖောက်ဖျက်မှုကိုဦးတည်၍ ခိုင်ခိုင်မာမာထောက်ပြနိုင်လေသည်။

၃.၆ အမှုတစ်ခုချင်းစီအလိုက် လိုအပ်သောသက်သေအထောက်အထား စံသတ်မှတ်ချက်အပေါ်မူတည်၍ သက်သေခံချက်မှ ထုတ်နုတ်ပေးရန် တရားရုံးတော်တစ်ခု၌ လျှောက်ထားခံရသော ကောက်ယူချက်တစ်ခုသည် ရရှိနိုင်သော ကြောင်းကျိုးဆီလျော်သည့် ကောက်ယူချက်တစ်ခုသာလျှင်ဖြစ်ရန် သို့မဟုတ် ယင်းသို့အဖြစ်နိုင်ဆုံးကောက်ယူချက်တစ်ခုသာလျှင်ဖြစ်ရန်လိုအပ်နိုင်ပါသည်။

## ၄။ယုံမှတ်နိုင်လောက်သောသက်သေခံချက်အမျိုးအစားများ

၄.၁ တရားရုံးတော်တစ်ခုအတွက် အကူအညီအထောက်အပံ့ဖြစ်စေနိုင်သည့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အမျိုးအစားအမျိုးမျိုးရှိပါသည်။ ဥပမာအားဖြင့် ကာတယ်နှင့်ဆိုင်သောအမှုအခင်း

တစ်ခုတွင် ယုံမှတ်နိုင်လောက်သောသက်သေခံချက်ကို ယေဘုယျအားဖြင့် ဆက်သွယ်မှုနှင့်ဆိုင်သည့် သက်သေခံချက်၊ စီးပွားရေးနှင့်ဆိုင်သည့်သက်သေခံချက်ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။

၄.၂ ယုံမှတ်နိုင်လောက်သောဆက်သွယ်မှုနှင့်ဆိုင်သည့် သက်သေခံချက်ဆိုသည်မှာ ပါဝင်သည့် အကြောင်းအရာများဟု သေချာပေါက်မပြောနိုင်သော်ငြား စီးပွားရေးပြိုင်ဘက်နှစ်ဦးအကြား ပေါ်ပေါက်ခဲ့သည့် အပြန်အလှန်ဆက်သွယ်မှုများအတွက် သက်သေခံချက်ဖြစ်သည်။ ယုံမှတ်နိုင်လောက်သော ဆက်သွယ်မှုနှင့်ဆိုင်သည့်သက်သေခံချက်တွင် အောက်ပါတို့ပါဝင်သည် -

က။ ဖုန်းမှတ်တမ်းများ (ဖုန်းအဝင်အထွက်မှတ်တမ်းများနှင့် တည်နေရာခြေရာခံမှု အချက်အလက်များကဲ့သို့)

ခ။ နေ့စဉ်မှတ်တမ်း သို့မဟုတ် ပြက္ခဒိန်ရေးသွင်းမှုများ

ဂ။ ငွေကြေးပိုင်းဆိုင်ရာမှတ်တမ်းများ (အစားအစာ သို့မဟုတ် တည်းခိုနေထိုင်မှုပြေစာများ၊ တစ်ချိန်တည်းတစ်နေရာတည်း၌ စီးပွားရေးပြိုင်ဘက်များအားနေရာချထားခြင်း စသည်ကဲ့သို့)

ဃ။ အစည်းအဝေးများမှတ်တမ်းများ (ယင်းတို့၌ တက်ရောက်လာသူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှု အကြောင်းအရာများကိုမှတ်တမ်းတင်ထားနိုင်သည်)

င။ စီးပွားရေးပြိုင်ဘက်များအကြားပေါ်ပေါက်နေသည့် အပြန်အလှန်ဆက်သွယ်မှုများကို ညွှန်ပြနေသော ရုံးတွင်းစာရွက်စာတမ်းများ

၄.၃ ယုံမှတ်နိုင်လောက်သော စီးပွားရေးနှင့်ဆိုင်သည့်သက်သေခံချက်၌ လုပ်ဆောင်ချက်ဆိုင်ရာသက်သေခံချက်နှင့် ဖွဲ့စည်းပုံဆိုင်ရာသက်သေခံချက်တို့ပါဝင်ကြသည်။ အဆိုပါသက်သေခံချက် အမျိုးအစားနှစ်မျိုးစလုံးကို အထူးထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

၄.၄ လုပ်ဆောင်ချက်ဆိုင်ရာသက်သေခံချက်ဆိုသည်မှာ စီးပွားရေးပြိုင်ဘက်များသည် စွပ်စွဲထားသော ကာတယ်သဘောတူညီချက်များအတိုင်း ပြုမူဆောင်ရွက်နေကြောင်းဖော်ပြနေသည့် သက်သေခံချက်ဖြစ်သည်။ အကယ်၍ သာမန်ဈေးကွက်အင်အားစုများသို့မဟုတ် ယှဉ်ပြိုင်မှုရှိသည့်စီးပွားရေးလုပ်ငန်းအပြုအမူတို့ဖြင့် ရှင်းချက်ထုတ်နိုင်ခြင်းမရှိပါက လုပ်ဆောင်ချက်ဆိုင်ရာသက်သေခံချက်မှာ လက်ခံချင်စရာအကောင်းဆုံးဖြစ်လိမ့်မည်ဖြစ်သည်။ တရားသူကြီးတစ်ဦးသည် စီးပွားရေးပြိုင်ဘက်များ၏ အရောင်းအဝယ်နှင့် စီးပွားရေးဆိုင်ရာ တစ်ဖက်သတ်အကျိုးအမြတ်များကိုဂရုပြုလျက် အပြုအမူတစ်ရပ်အနေဖြင့် ညှိနှိုင်းဆောင်ရွက်မှုများမရှိပါက ပေါ်ပေါက်လာနိုင်ခြင်း ရှိ/မရှိကို စဉ်းစားသုံး

သပ်ရမည်ဖြစ်သည်။ လုပ်ဆောင်ချက်ဆိုင်ရာသက်သေခံချက်၌ အပြိုင်လုပ်ဆောင်မှုသက်သေခံချက်၊ တင်ဒါဆောင်ရွက်မှုပုံစံများ၊ စီးပွားရေးပြိုင်ဘက်များအကြား သတင်းအချက်အလက် ဖလှယ်မှုများ၊ ထူးထူးခြားခြားမြင့်မားနေသည့် ကာလကြာရှည်အမြတ်ရရှိနေမှုများနှင့် ယှဉ်ပြိုင်မှုဥပဒေများအားယခင်ချိုးဖောက်ခဲ့မှုများစသည်တို့အတွက် သက်သေခံချက်များပါဝင်မည်ဖြစ်သည်။

၄.၅ ဖွဲ့စည်းပုံဆိုင်ရာသက်သေခံချက်ဆိုသည်မှာ အဘယ်ကြောင့် အချို့သော ဖွဲ့စည်းပုံဆိုင်ရာအင်္ဂါရပ်များသည် ဈေးကွက်တစ်ခုအား ကာတယ်လုပ်ဆောင်ချက်အပေါ် ပို၍ခံနိုင်ရည်မဲ့စေကြောင်းကိုရှင်းပြနေသည့် သက်သေခံချက်ဖြစ်သည်။ ဖွဲ့စည်းပုံဆိုင်ရာသက်သေခံချက်သက်သက်အားဖြင့် ကာတယ်လုပ်ဆောင်ချက်၏ တည်ရှိမှုကိုဖော်ပြရန် မလုံလောက်သော်လည်း ဈေးကွက်တစ်ခုအတွင်း ထိုသို့သောလုပ်ဆောင်ချက်၏ ဖြစ်နိုင်ခြေအပေါ် တရားသူကြီးတစ်ဦး၏အကဲဖြတ်ချက်ကိုမူ အကျိုးသက်ရောက်နိုင်ပါသည်။ ဖွဲ့စည်းပုံဆိုင်ရာသက်သေခံချက်၌စီးပွားရေးပြိုင်ဘက်များ၏ အရေအတွက်၊ ဈေးကွက်အနေအထား၊ ဈေးကွက်အတွင်း ဝင်ရောက်ရန်အတွက်အဟန့်အတားများ၊ ဒေါင်လိုက်ပေါင်းစည်းမှု၊ ဈေးနှုန်းသတ်မှတ်သည့်အပိုင်း ပွင့်လင်းမြင်သာမှုနှင့် ထုတ်ကုန်ပစ္စည်းအမျိုးအစားတူညီမှုစသည်တို့နှင့်ပတ်သက်သည့် သက်သေခံချက်များပါဝင်နေပါသည်။ ယင်းမှာ စီးပွားရေးနှင့်ဆိုင်သည့်သက်သေခံချက်အတွက်ဖြစ်လေ့ဖြစ်ထရှိသည့် ဥပမာတစ်ခုဖြစ်ပြီး "စီးပွားရေး" နှင့် "ကျွမ်းကျင်သူသက်သေခံချက်"ဆိုင်ရာ CLIP ယှဉ်ပြိုင်မှုအချက်အလက်စာအုပ်အတွင်း ပိုမို၍ အသေးစိတ် ဆွေးနွေးထားပါသည်။

## ၅။ သက်သေခံချက်တစ်ခုလုံးအပေါ်ခြုံငုံသုံးသပ်ခြင်း

၅.၁ ယုံမှတ်နိုင်လောက်သော သက်သေခံချက်အပိုင်းအစတစ်ရပ်သည် အချို့သောကောက်ယူချက်များအနေဖြင့် ဝိရောဓိဖြစ်နေနိုင်သော်လည်း (ဩဇာကြီးမားမှုအား မလျော်မကန်အသုံးချခြင်းဆိုင်ရာ CLIP ယှဉ်ပြိုင်မှုအချက်အလက်စာအုပ်အတွင်း 5.2etseq. အား ရှုပါ) ကောက်ယူချက်ပေါင်းများစွာကို ပံ့ပိုးပေးနိုင်စွမ်းရှိပါသည်။ ဥပမာအားဖြင့် ဈေးနှုန်းလျှော့ချမှုတစ်ရပ်သည် အောက်ဈေးသတ်မှတ်သည်ဟူသောကောက်ယူချက်တစ်ခုကို သို့မဟုတ် ယှဉ်ပြိုင်မှုလုပ်ဆောင်ချက်ဟူသောကောက်ယူချက်တစ်ခုကို ကြောင်းကျိုးဆီလျော်စွာချမိစေနိုင်ပါသည်။ ထိုကဲ့သို့သော အကြောင်းရင်းကြောင့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်ကို လက်တွေ့ဘဝနှင့်ကင်းကွာပြီး မသုံးသပ်သင့်ပါ။

၅.၂ ယုံမှတ်နိုင်လောက်သောသက်သေခံချက်မှထုတ်နုတ်ရမည့် ကောက်ယူချက် သို့မဟုတ် ကောက်ယူချက်များကိုရနိုင်သမျှသောသက်သေခံချက်များအရတရားသူကြီးတစ်ဦးကအားလုံးကိုခြုံငုံ၍သုံးသပ်ရမည်ဖြစ်သည်။ကာတယ်နှင့်ဆိုင်သောအမှုအခင်း၌ သက်သေခံချက်သည် အောက်ပါတို့ အားပြသနေပါသည် -

က။ မတူညီသောရက်စွဲသုံးခုပေါ်ရှိ စီးပွားရေးပြိုင်ဘက်များအကြားဖုန်းခေါ်ဆိုမှုများ

ခ။ ဖုန်းခေါ်ဆိုမှုတစ်ကြိမ်ပြီးဆုံးပြီးနောက် ရက်အနည်းငယ်အတွင်း အဆိုပါယှဉ်ပြိုင်ဘက်များ မြှင့်တင်လိုက်သည့် အပြိုင်ဖြစ်နေသောဈေးနှုန်း

ဂ။ လူတစ်စုလက်ဝါးကြီးအုပ်ချုပ်ကိုင်ထားသောဈေးကွက်ဖွဲ့စည်းပုံ

၅.၃ အထက်ပါသာဓကအတွင်းနှင့် တစ်ခုချင်းစဉ်းစားသုံးသပ်မှုအရ ပူးပေါင်းလိမ်လည်မှုဟုကောက်ချက်ချရန်အတွက် ယုံမှတ်နိုင်လောက်သောမည်သည့်သက်သေခံချက်တစ်ခုတစ်လေကမျှ လုံလောက်သောအခြေခံအချက်များအား ၎င်းဘာသာပံ့ပိုးနိုင်မည်မဟုတ်ပါ။ သို့သော် အဆိုပါအချက်သုံးချက်လုံးအတွက် စုပေါင်းအကဲဖြတ်သုံးသပ်ချက်အနေဖြင့်မှုကာတယ်လုပ်ဆောင်ချက်ဟု ကြောင်းကျိုးဆီလျော်သောကောက်ယူချက်တစ်ခုအားရရှိစေနိုင်မည်ဖြစ်သည်။ အများအားဖြင့် ယုံမှတ်နိုင်လောက်သည့် သက်သေခံချက်တစ်ခုတစ်လေမှာယှဉ်ပြိုင်မှုအားဆန့်ကျင်သော လုပ်ဆောင်ချက်ဟု တိကျပြည့်စုံသည့် ကောက်ယူချက်တစ်ခုကိုမပေးအပ်နိုင်ရာ ယင်းကဲ့သို့သက်သေခံချက်အပေါ် အမှီပြုနေရသည့်နေရာအတော်များများတွင် အဆိုပါထည့်သွင်းစဉ်းစားမှုမျိုးကိုအသုံးချနိုင်သည်။

## ၆။ ယှဉ်ပြိုင်မှုကိုဆန့်ကျင်သည့်ပူးပေါင်းညှိနိုင်းမှုများ (Cartel)ဆိုင်ရာ အမှုအခင်းများမှ ယုံမှတ်နိုင်လောက်သောသက်သေခံချက်ဆိုင်ရာနမူနာများ

၆.၁ ဩစတြေးလျနိုင်ငံတွင် အောက်ပါတို့သည် အဓိကနေရာမှ ယုံမှတ်နိုင်လောက်သော သက်သေခံချက် ပါဝင်နေသည့် ကာတယ်ဆိုင်ရာအမှုအခင်းသာဓကအချို့ဖြစ်သည် -

က။ ဟိုတယ်ပိုင်ရှင်များအကြား ၎င်းတို့၏ဘီယာဈေးနှုန်းများအား ဈေးလျှော့ပေးနေခြင်းကို ရပ်ဆိုင်းရန် သဘောတူညီမှုတစ်ရပ်၏ တိုက်ရိုက်သက်သေခံချက်သည် အဓိကသက်သေဖြစ်သူမှ ၎င်း၏ကနဦးထွက်ဆိုချက်ပေးပြီးနောက် ထပ်မံထွက်ဆိုရန်ပျက်ကွက်ခဲ့သဖြင့် အမှုစစ်ဆေးရာ၌ ပျက်ပြယ်သွားခဲ့သည်။ သို့သော် ယုံမှတ်နိုင်လောက်သောဆက်သွယ်မှုနှင့် လုပ်ဆောင်မှုဆိုင်ရာသက်သေခံချက်များကြောင့် အဆိုပါ ညှိနိုင်းသဘောတူညီချက်မှာ ဖြစ်ပေါ်ခဲ့ကြောင်း ဆက်လက်၍ကောက်ယူချက်ရယူနိုင်ပါသေးသည်။

ခ။ အစိုးရစီမံကိန်းများအတွက် တင်ဒါယှဉ်ပြိုင်သောဆောက်လုပ်ရေးကုမ္ပဏီများသည် တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်အတွင်း ပူးပေါင်း၍လိမ်လည်လှည့်ဖြားခဲ့ကြောင်း တွေ့ရှိရသည်။ တင်ဒါမအောင်လိုသောကုမ္ပဏီတစ်ခုသည် စီမံကိန်းအတွက် "cover price" ဟူသော မြင့်မားသည့်လုပ်ကြံဈေးနှုန်းကိုတောင်းခံခဲ့ပါသည်။ cover price အားတောင်းခံ သောကုမ္ပဏီ

အနေဖြင့် အဆိုပါဈေးနှုန်းအထက်တင်ဒါတင်သွင်းမည်ဖြစ်ပြီး ဈေးနှုန်းအားထုတ်ပေးသော ကုမ္ပဏီကမူအဆိုပါဈေးနှုန်းအောက် တင်ဒါတင်သွင်းမည် ဟူ၍သဘောတူညီချက်တစ်ခုရှိကြောင်း ကောက်ချက်ချခံရပါသည်။

ဂ။ လျှပ်စစ်ကေဘယ်ကြိုးထုတ်လုပ်သူတစ်ဦးသည် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဆီသို့ ဗို့အားမြင့် ကုန်းတွင်းလျှပ်စစ်ကေဘယ်ကြိုးများ ရောင်းချရေးတင်ဒါခေါ်ယူမှုတစ်ခုတွင် တင်ဒါအကြံအဖန်လုပ်ရာ၌ပါဝင်နေကြောင်းတွေ့ရှိရသည်။ ဖော်ပြပါထုတ်လုပ်သူသည် စီမံကိန်းအတွက် တင်ဒါခေါ်ယူရာ၌ ဦးစားပေးမှုတစ်ရပ်တောင်းခံခဲ့ကြောင်း၊ ထို့ကြောင့်ကမ္ဘာတစ်ဝန်းစီမံကိန်းများခွဲဝေယူခြင်းဆိုင်ရာ ဥရောပနှင့် ဂျပန်ကေဘယ်ကြိုး ရောင်းချသူများအကြားကမ္ဘာလုံးဆိုင်ရာ ကာတယ်အစီအစဉ်တစ်ခုအား ဖြစ်မြောက်လာစေသည်ဟု ကောက်ချက်ချခံရပါသည်။

## ၇။ ဆက်စပ်နေသောသတင်းအချက်အလက်ရင်းမြစ်များ

၇.၁ အောက်ပါသတင်းအချက်အလက်ရင်းမြစ်များသည် ယှဉ်ပြိုင်မှုဥပဒေအမှုကိစ္စများတွင် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အား အသုံးချခြင်းနှင့်သက်ဆိုင်သော နောက်ထပ်သတင်းအချက်အလက်များကိုပေးအပ်ပါသည်။ ဤစာအုပ်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တရားသူကြီးများအတွက် အထွေထွေကျမ်းကိုးတစ်ခုအဖြစ်အသုံးဆင်နိုင်ပါသည်။

- က။ OECDCompetition PolicyRoundtables, *Prosecuting cartelswithout directevidence*,2006
- ခ။ OECDPolicyBrief, *Prosecuting cartelswithoutdirect evidenceofagreement*,June 2007
- ဂ။ JusticeMansfield, *Opportunities&challenges:Evidencein casesunder theTrade PracticesAct1974*,24 May 2008
- ဃ။ AustralianCompetitionandConsumerCommission, *Cartelscasestudies& legalcases*
- င။ InternationalCompetitionNetwork, *Proving agreementor concerted practice withindirectevidence*